**Fujifilm Group**

# လုပ်ငန်းစု၏ကော်ပိုရိတ်ပြုမူဆောင်ရွက်ချက်များ နှင့် ကျင့်ဝတ်များဆိုင်ရာ ကြေငြာချက်

FUJIFILM
Value from Innovation



# Fujifilm Group ၏ ကတိကဝတ်

ကျွန်ုပ်တို့သည် မျှော်လင့်ချက် (စိတ်ဆန္ဒများ)ဖြင့် အဖွဲ့၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် ရည်ရွယ်ပါသည်။

## Fujifilm Group ၏ ရည်ရွယ်ချက်

### ကျွန်ုပ်တို့၏ ကမ္ဘာကြီးကို အပြုံးပန်းများ ဝေဆာစေခြင်း

ကျွန်ုပ်တို့သည် ကမ္ဘာကြီးအား ပြောင်းလဲရန် မတူကွဲပြားသော စိတ်ကူးများ၊ ထူးခြားသော
စွမ်းရည်များနှင့် သူမတူသော လူများကို အတူတကွ ယူဆောင်လာပါသည်။

## ကော်ပိုရိတ်ဆောင်ပုဒ်

### Value from Innovation

## Fujifilm Group ၏ ကော်ပိုရိတ်ပြုမူဆောင်ရွက်ချက် / ကျင့်ဝတ်

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်အားလုံးကို “ပွင့်လင်း၊ မျှတပြီး ရှင်းလင်းပြတ်သားသော” ကော်ပိုရိတ် အစဉ်အလာဖြင့် ချဉ်းကပ်ဆောင်ရွက်ပါသည်။

### ကော်ပိုရိတ်ပြုမူဆောင်ရွက်ချက်ဆိုင်ရာ ခွင့်ပြုကြေငြာချက်

1. ယုံကြည်ကိုးစားနိုင်သောကုမ္ပဏီ
2. လူမှုရေးတာဝန်ဝတ္တရား
3. လူ့အခွင့်အရေးများကိုလေးစားခြင်း
4. ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး
5. သာလွန်ကောင်းမွန်သောအလုပ်ခွင်များ
6. အမျိုးမျိုးသောရေးရာပြဿနာရပ်များကို စီမံခန့်ခွဲခြင်း

### ကျင့်ဝတ်

ကျွန်ုပ်တို့၏ကော်ပိုရိတ်လှုပ်ရှားဆောင်ရွက်မှုများအားလုံးတွင် လေးစားလိုက်နာရန် အလေးပေးပြီး တန်ဖိုးအသစ်တစ်ခုဖန်တီးနိုင်စေရန်အတွက်ကြိုးပမ်းအားထုတ်ပါသည်။ အကယ်၍ လေးစားလိုက်နာရန်လိုအပ်ချက်များသည် စီးပွားရေးလုပ်ငန်းအကျိုးအမြတ်များ သို့မဟုတ် အခြားသူများ၏တောင်းဆိုချက်များနှင့် ရှုပ်ထွေးနေပါက လေးစားလိုက်နာမှုကို ဦးစားပေးမည်ဖြစ်သည်။

1. လူ့အခွင့်အရေးများအပေါ် လေးစားခြင်း
2. မျှတသောကော်ပိုရိတ်လှုပ်ရှားဆောင်ရွက်မှုများ
3. ကော်ပိုရိတ်၏ပိုင်ဆိုင်မှုနှင့် အချက်အလက်များကို ကာကွယ်ခြင်း/ထိန်းသိမ်းခြင်း
4. သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာရပ်များနှင့်သက်ဆိုင်သော စစ်ဆေးမှုများ

# Fujiflim လုပ်ငန်းစု၏ ကော်ပိုရိတ်ပြုမူဆောင်ရွက်ချက်နှင့် ကျင့်ဝတ်မျဉ်းဆိုင်ရာ ကြေညာချက်

Fujiflim လုပ်ငန်းစုသည် ပြောင်းလဲနေသော ခေတ်နှင့်အညီ လုပ်ငန်းကိုပြောင်းလဲဆောင်ရွက်ရာတွင် ဆန်းသစ်တီထွင်မှုများအတွက် အမြဲတွန်းအားပေးနိုင်ခဲ့သည်။ မကြာသေးမီနှစ်များအတွင်း ဖြစ်ပေါ်နေသော လူ့အဖွဲ့အစည်းအတွင်း လျင်မြန်သော ပြောင်းလဲမှုများကြောင့် ပထဝီနိုင်ငံရေးအန္တရာယ်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ လူ့အခွင့်အရေး၊ ကျန်းမာရေး၊ အလုပ်သမားနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှု စသည်တို့ကဲ့သို့သော ပိုမိုရှုပ်ထွေးပြီး ဆန်းပြားလာနေသည့် ကိစ္စရပ်များကို ကျွန်ုပ်တို့က ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါသည်။ လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် စည်းမျဉ်းများသည် အမြဲပြောင်းလဲနေသည့်အတွက် ဓလေ့ဟောင်းနှင့် stereotypeမှာ မစွဲမြဲဘဲ လျင်မြန်စွာဖြင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများကို ချိန်ခွင်လျှာညှိစေ၍ သက်ဆိုင်သူများ နှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် တိုးတက်ရန် အရေးကြီးပါသည်။

Fujifilm လုပ်ငန်းစုသည် အနာဂတ်တွင် ခက်ခဲသောပြဿနာများနှင့် ပြဿနာများစွာကို ဆက်လက်ရင်ဆိုင်ရမည်ဖြစ်ပြီး အဲဒီအခါတွင် ကျွန်ုပ်တို့၏ ကော်ပိုရိတ်ပြုမူဆောင်ရွက်ချက်နှင့် ကျင့်ဝတ်တို့က အဖိုးတန်လမ်းညွှန်များအဖြစ် ဖြစ်မည်ဖြစ်ပါသည်။ ကော်ပိုရိတ်ပြုမူဆောင်ရွက်ချက်တွင် ကော်ပိုရိတ်လုပ်ငန်းများလုပ်ဆောင်ရန်အတွက် Fujifilm လုပ်ငန်းစု၏ အခြေခံ မူဝါဒများကို အကျဉ်းချုပ်ဖော်ပြထားပြီး ကျင့်ဝတ်တွင် အခြေအနေအမျိုးမျိုးတွင် ကျွန်ုပ်တို့က မည်သို့လုပ်ဆောင်သင့်သည်ကို သတ်မှတ်ပေးပါသည်။ နှစ်စဉ်ဧပြီလတွင် ကမ္ဘာတစ်ဝှမ်းရှိ Fujifilm Group မှဝန်ထမ်းများအားလုံးသည် ဤစာရွက်စာတမ်းများကိုဖတ်ရန်၊ ကြေညက်ရန်၊ လိုက်နာရန်နှင့် လုပ်ဆောင်ရန် ရည်ရွယ်ချက်ကိုကြေငြာပြီးဇွဲလုံ့လဖြင့် ဘဏ္ဍာရေးနှစ်သစ်ကို အသစ်တဖန်စတင်ကြသည်။ ကျွန်ုပ်တို့လုပ်သမျှအရာအားလုံးသည် ပွင့်လင်းမြင်သာစွာ၊ တရားမျှတပြီး ပြတ်သားသော ကော်ပိုရိတ်အပြုအမူအပေါ် အခြေခံသင့်သည်ဟု ယူဆသောကြောင့် Fujifilm လုပ်ငန်းစု၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့် သင်၏ နေ့စဉ်လုပ်ငန်းဆောင်တာ များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် သင်လုပ်ဆောင်သည့် မည်သည့် လုပ်ဆောင်ချက်ကိုမဆို ဂုဏ်ယူနိုင်ကြောင်း သေချာစေရန် ကော်ပိုရိတ်ပြုမူဆောင်ရွက်ချက်နှင့် ကျင့်ဝတ်ကို အဆက်မပြတ်ကိုးကားဆောင်ရွက်ရန် တောင်းဆို လိုပါသည်။

ကျွန်ုပ်သည် Fujifilm လုပ်ငန်းစု၏ ကော်ပိုရိတ်ပြုမူဆောင်ရွက်ချက်နှင့် ကျင့်ဝတ်ကို လိုက်နာမည်ဖြစ်ကြောင်း ဤနေရာမှ ကြေငြာပါသည်။ သင်ဆောင်ရွက်သမျှ ကိစ္စအားလုံးအတွက် ဤကျင့်ထုံးများအားလုံးကို နားလည်ပြီးလိုက်နာဆောင်ရွက်ရန် တောင်းဆို ပါသည်။ စိန်ခေါ်မှုများနှင့် အခက်အခဲပေါင်းများစွာကို တူတူဖြတ်ကျော်ရင်းဖြင့် ကျွန်ုပ်တို့သည် ရှေ့သို့ ဆက်လက်ဦးတည်သွားနေ မည်ဖြစ်ပြီး ကမ္ဘာကြီးကို ပိုမိုပြုံးပျော်စေမည့် အပြုသဘောဆောင်သောရလဒ်များကို ဖန်တီးပေးနိုင်မည်မှာ သေချာပါသည်။

၂၀၂၄ခုနှစ် ဇန်နဝါရီလ



Teiichi Goto
ဥက္ကဋ္ဌ၊ ကိုယ်စားပြုဒါရိုက်တာနှင့် CEO
နာယက၊ ESG ကော်မတီ
FUJIFILM Holdings Corporation

# အထွေထွေဖော်ပြချက်များ -

## 1. သက်ဆိုင်သည့်အတိုင်းအတာ

ဤကော်ပိုရိတ်ပြုမူဆောင်ရွက်ချက်နှင့်ကျင့်ဝတ်များဆိုင်ရာ သဘောတူညီချက်သည် FUJIFILM Holdings Corporation ၏အမှုဆောင်အရာရှိများနှင့် ဝန်ထမ်းများအားလုံးအပြင် လုပ်ငန်းစုအတွင်းရှိ ကုမ္ပဏီများအားလုံးအပေါ်ပါ သက်ရောက်မှုရှိသည်။ ထို့အပြင် ကန်ထရိုက်တာများ၊ နေရာအနှံ့တွင် စေလွှတ်ထားသောဝန်ထမ်းများ၊ အရောင်းကိုယ်စားလှယ်များအပြင် Fujifilm လုပ်ငန်းစု၏ထုတ်ကုန်များ၊ ဝန်ဆောင်မှုများဆိုင်ရာဖော်ပြချက်များနှင့် ဆက်စပ်နေသောလုပ်ငန်းစီးပွားဖက်များမှလည်း လုပ်ငန်းဆောင်ရွက်ရာတွင် ဤကော်ပိုရိတ်ပြုမူ ဆောင်ရွက်ချက်နှင့်ကျင့်ဝတ်များဆိုင်ရာ သဘောတူညီချက်ကို လေးစားလိုက်နာပါရန် တောင်းဆိုအပ်ပါသည်။

## 2. စတင်ပြဋ္ဌာန်းခြင်းနှင့် ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ

ဤကော်ပိုရိတ်ပြုမူဆောင်ရွက်ချက်နှင့်ကျင့်ဝတ်များဆိုင်ရာ သဘောတူညီချက်အား စတင်ပြဋ္ဌာန်းခြင်းနှင့် ပြင်ဆင်ခြင်းကို FUJIFILM Holdings Corporation ၏ ESG ကော်မတီမှ ဆုံးဖြတ်မည်ဖြစ်ပါသည်။ ဤကော်ပိုရိတ်ပြုမူဆောင်ရွက်ချက်နှင့် ကျင့်ဝတ်များဆိုင်ရာ ခွင့်ပြုကြေငြာချက်နှင့် ပြင်ဆင်မှုတိုင်းသည် FUJIFILM Holdings Corporation မှအသိပေးအကြောင်းကြားသည့်အချိန်၌ လုပ်ငန်းစုရှိကုမ္ပဏီတစ်ခုစီတိုင်းအပေါ် သက်ရောက်မှုရှိမည်ဖြစ်သည်။

## 3. စည်းမျဉ်းများ၏ စံနှုန်းသတ်မှတ်ချက်

ဤကော်ပိုရိတ်ပြုမူဆောင်ရွက်ချက်နှင့် ကျင့်ဝတ်များဆိုင်ရာခွင့်ပြုကြေငြာချက်တွင် FUJIFILM Holdings Corporation နှင့်၎င်း၏ လုပ်ငန်းစုကုမ္ပဏီများမှ အလုပ်အမှုဆောင်များနှင့်ဝန်ထမ်းများအားလုံးမှ လိုက်နာကျင့်သုံးရန် အထွေထွေစည်းမျဉ်းများကိုဖော်ပြထားသည်။ အလုပ်အမှုဆောင်များနှင့် ဝန်ထမ်းများအားလုံးသည် အဆိုပါစည်းမျဉ်းများကိုလိုက်နာရုံသာမက ၎င်းတို့၏လူ့ဘောင်အသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်ဒေသမှမျှော်လင့်ထားသည့်အတိုင်း စာရိတ္တပိုင်း၊ ကိုယ်နှုတ်အမူအရာပိုင်း ရည်ရည်မွန်မွန်ဖြင့် တုံ့ပြန်ပြုမူရန်လည်း လိုအပ်ပါသည်။

## 4. လိုက်နာကြောင်း သေချာစေခြင်း

ကုမ္ပဏီများနှင့်ဝန်ထမ်းများသည် ဤကော်ပိုရိတ်ပြုမူဆောင်ရွက်ချက်နှင့် ကျင့်ဝတ်များဆိုင်ရာ ခွင့်ပြုကြေငြာချက်နှင့်အညီ လိုက်နာလုပ်ဆောင်ရမည်ဖြစ်သည်။ ကဏ္ဍတစ်ခုစီမှ တာဝန်ရှိ အကြီးတန်းအရာရှိများ၊ FUJIFILM Holdings Corporation နှင့် လုပ်ငန်းစုအတွင်းရှိ ကုမ္ပဏီတစ်ခုစီတိုင်းမှ ဌာနခွဲ အထွေထွေမန်နေဂျာများနှင့် မန်နေဂျာများအပါအဝင် အလုပ်အမှုဆောင်များနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများသည် ၎င်းတို့ကြီးကြပ်အုပ်ချုပ်သည့်အဖွဲ့အစည်းအတွင်း ဤကော်ပိုရိတ်ပြုမူဆောင်ရွက်မှုနှင့်ကျင့်ဝတ်များဆိုင်ရာ ခွင့်ပြုကြေငြာချက် အထမြောက်အောင်မြင်အောင် စီမံခန့်ခွဲရန် တာဝန်ရှိသည်။

## 5. ခွင့်ပြုချက်များနှင့် ဖောက်ဖျက်မှုအတွက် ပြစ်ဒဏ်များ

အကြီးတန်းအရာရှိ (သို့) ဝန်ထမ်းမှ ဖော်ပြပါကျင့်ဝတ်ကိုဖောက်ဖျက်ပါက စည်းကမ်းပိုင်း (သို့) Fujifilm လုပ်ငန်းစု၏ကုမ္ပဏီစည်းမျဉ်းများအရ အခြားသောအကျိုးဆက်များဖြင့် အရေးယူခံရမည်ဖြစ်သည်။ ဖောက်ဖျက်ခြင်းကြောင့် ကုမ္ပဏီ ထိခိုက်နစ်နာသွားပါက ကုမ္ပဏီမှ ထိခိုက်မှုများအတွက် လျော်ကြေးတောင်းခံခြင်း အပါအဝင် တရားဥပဒေအရအရေးယူခြင်းများ လုပ်ဆောင်နိုင်သည်။




# Fujifilm လုပ်ငန်းစု - ကော်ပိုရိတ်ပြုမူဆောင်ရွက်ချက်ဆိုင်ရာ ခွင့်ပြုကြေငြာချက် -

သင့်တင့်သောပြိုင်ဆိုင်မှုများမှတဆင့် အကျိုးအမြတ်များရရှိအောင်လုပ်ဆောင်ခြင်းအပြင် ကော်ပိုရေးရှင်းများသည် လူ့ဘောင်အသိုင်းအဝိုင်းအပေါ် ကြီးကြီးမားမားအကျိုးပြုရမည်ဖြစ်သည်။ အောက်ဖော်ပြပါ စည်းမျဉ်းခြောက်ရပ်နှင့်အညီ ဂျပန်နှင့် နိုင်ငံရပ်ခြားတွင် ကော်ပိုရိတ်လှုပ်ရှားဆောင်ရွက်မှုများလုပ်ဆောင်နေသော Fujifilm လုပ်ငန်းစုသည် လူ့အခွင့်အရေးများကိုလေးစားရုံသာမက တရားဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အပြည်ပြည်ဆိုင်ရာ စည်းကမ်းချက်များကိုစိတ်ဓာတ်ပိုင်းဆိုင်ရာရော လက်တွေ့တွင်ပါ လေ့လာကျင့်သုံးပါသည်။ ထို့အပြင် ၎င်းတို့လှုပ်ရှားဆောင်ရွက်မှုများ၏အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားပြီး အခွန့်ရှည် တည်တံ့သောလူ့ဘောင်အသိုင်းအဝိုင်းတစ်ရပ်ကို ဖန်တီးနိုင်စေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။

## 1. ယုံကြည်ကိုးစားနိုင်သောကုမ္ပဏီ

ကျွန်ုပ်တို့သည် အဆင့်မြင့်၊ မူရင်းနည်းပညာများကို ဘေးကင်းပြီး တာဝန်ယူမှုအပြည့်ရှိသောပုံစံဖြင့် အသုံးပြုကာ လူမှုရေးပိုင်းအရအကျိုးရှိသော ထုတ်ကုန်များနှင့် အရည်အသွေးမြင့်ဝန်ဆောင်မှုများကို ဖန်တီးဖော်ဆောင်ကာ ပေးစွမ်းလျက်ရှိပါသည်။ ပွင့်လင်းမြင်သာပြီး မျှတကာပြတ်သားထင်ရှားသော ကော်ပိုရိတ်ယဉ်ကျေးမှုအပေါ်အခြေခံ၍ သင့်လျော်သောပြိုင်ဆိုင်မှု၊ မျှတသောရောင်းဝယ်မှုစိတ်ဓာတ်ဖြင့် အကျိုးကျေးဇူးသစ်ရရှိလာစေရန် ဖန်တီးပါသည်။ ဝယ်ယူသုံးစွဲသူများနှင့် ဆက်စပ်ပါဝင်နေသူများ စိတ်ကျေနပ်မှုရှိပြီး ၎င်းတို့၏ ယုံကြည်မှုများရရှိလာအောင်ပါ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## 2. လူမှုရေးတာဝန်ဝတ္တရား

ကျွန်ုပ်တို့သည် ဝယ်ယူသုံးစွဲသူများ၊ စီးပွားလုပ်ငန်းဖက်များ၊ ဝန်ထမ်းများ၊ ဒေသခံအသင်းအဖွဲ့များ၊ အစိုးရရုံးများ၊ အစုရှယ်ယာဝင်များနှင့် ရင်းနှီးမြှုပ်နှံသူများ၊ NGO များနှင့် NPO များကဲ့သို့သော ဆက်စပ်ပါဝင်နေသူအမျိုးမျိုးနှင့် ပြောဆိုဆက်ဆံပြီး ကော်ပိုရိတ်အချက်အလက်များကို သင့်လျော်ပြီး မျှတစွာ ထုတ်ဖော်ကြေငြာပါသည်။ ထို့အပြင် ကျွန်ုပ်တို့သည် တရားဥပဒေ၊ စည်းမျဉ်းများ၊ အခြားသောစည်းကမ်းချက်များကို လိုက်နာကာ ပြည်သူလူထုအပေါ် ထုတ်ပြန်ထားသော အမိန့်များနှင့် ကျင့်ဝတ်များကို အားပေးထောက်ခံပါသည်။ ကော်ပိုရိတ်နိုင်ငံသားကောင်းများအနေဖြင့် ဒေသခံယဉ်ကျေးမှုများနှင့် ဓလေ့ထုံးတမ်းများကို မှန်မှန်ကန်ကန် နားလည်သဘောပေါက်ပြီး လေးစားတန်ဖိုးထားနိုင်ရန် ကြိုးစားလျက်ရှိပြီး အသင်းအဖွဲ့လိုက်ချိတ်ဆက်ဆောင်ရွက်မှုများကိုပါ စိတ်ရောကိုယ်ပါ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်းဖြင့် ဒေသခံအသင်းအဖွဲ့များ စိတ်အားတက်ကြွလာစေရန်အပြင် အခွန့်ရှည်တည်တံ့သော လူ့ဘောင်အသိုင်းအဝိုင်း ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ပါသည်။

## 3. လူ့အခွင့်အရေးများကိုလေးစားခြင်း

နိုင်ငံတကာတွင်ထုတ်ပြန်ကြေငြာထားသော လူ့အခွင့်အရေးများအပေါ် လေးစားလိုက်နာပါသည်။ ချို့ယွင်းချက်ရှိသူများကိုလည်း ထည့်သွင်းစဉ်းစားပြီး မည်သည့်ပုံစံနှင့်ဖြစ်စေ အဓမ္မခိုင်းစေခြင်း (သို့) ကလေးလုပ်သားများအသုံးပြုခြင်းတို့ကို ကန့်ကွက်ကာ နိုင်ငံနှင့် ဒေသအသီးသီး၏ သတ်မှတ်ထားသောအနည်းဆုံးလုပ်အားခအတိုင်း ပေးဆောင်ကာ ကျန်းမာစွာအသက်ရှင်နေထိုင်နိုင်ပြီး ယဉ်ကျေးမှုလျော်ညီသော လူမှုဘဝများပိုင်ဆိုင်နိုင်စေရန်အတွက် လူနေမှုစရိတ်များကာမိစေရန်အလို့ငှါ သင့်လျော်သောလုပ်အားခများ သတ်မှတ်ပေးဆောင်ရန်အရေးကြီးပုံကိုလည်း သတိချပ်မိပါသည်။

## 4. ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး

ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတွင် တက်ကြွစွာပါဝင်ခြင်းသည် ကော်ပိုရေးရှင်း၏လူမှုရေးကဏ္ဍနှင့် လုပ်ရှားဆောင်ရွက်မှုများအနက်  အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သဘောပေါက်နားလည်ခြင်းဖြင့် ရာသီဥတုဖောက်ပြန်ခြင်း၊ ဇီဝမျိုးကွဲများအား ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စီးပွားရေးသံသရာကိုတည်ထောင်ခြင်းနှင့် ဓာတုပစ္စည်းများဘေးကင်းလုံခြုံစေရေးကဲ့သို့သော အမျိုးမျိုးသော ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများကို စေတနာဖြင့် လက်ဦးမှုရယူကာ ကူညီဖြေရှင်းပေးမည်လည်းဖြစ်ပါသည်။

## 5. သာလွန်ကောင်းမွန်သောအလုပ်ခွင်များ

ကျွန်ုပ်တို့သည် ဝန်ထမ်းအားလုံး၏ ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးတိုးတက်စေရန်၊ ဘေးကင်းလုံခြုံပြီး သက်တောင့်သက်သာရှိသော အလုပ်ခွင်များကို ပံ့ပိုးပေးရန်နှင့် ၎င်းတို့၏ ကွဲပြားခြားနားသော ကိုယ်ရည်ကိုယ်သွေးနှင့် တစ်ဦးချင်းစီ၏ ထူးခြားမှုတို့ကို လေးစားလိုက်နာရန် ကြိုးပမ်းပါသည်။

## 6. အမျိုးမျိုးသောရေးရာပြဿနာရပ်များကို စီမံခန့်ခွဲခြင်း

သဘာဝဘေးအန္တရာယ်များ၊ အကြမ်းဖက်မှု၊ ဆိုက်ဘာတိုက်ခိုက်မှုများနှင့် အကွက်ချထားသောရာဇဝတ်မှုကဲ့သို့သော လူမှုဘဝနှင့် ကော်ပိုရိတ်လှုပ်ရှားဆောင်ရွက်မှုများအပေါ် ခြိမ်းခြောက်လာနိုင်သည့် အန္တရာယ်များအပေါ်တုံ့ပြန်ရာတွင် ရေးရာပြဿနာကို စနစ်တကျစီမံခန့်ခွဲကြောင်းသေချာအောင်ဆောင်ရွက်ပါသည်။

ဤခွင့်ပြုကြေငြာချက်၏စိတ်ဓာတ်ရေးရာကို ဖော်ဆောင်ရန်အတွက် ထိပ်တန်းစီမံခန့်ခွဲမှု၏တာဝန်ကို နားလည်သတိချပ်ပြီး Fujifilm  လုပ်ငန်းစု အကြီးတန်းအရာရှိများသည် ဥပမာပေးထားသည့်အတိုင်း ဦးဆောင်ဦးရွက်ပြုပြီး လုပ်ငန်းစုအတွင်းရှိ ကုမ္ပဏီများနှင့် စီးပွားလုပ်ငန်းဖက်များအကြား ဤခွင့်ပြုကြေငြာချက်အပေါ် ပိုမို၍ သေချာစွာသဘောပေါက်နားလည်စေရန် ဆောင်ရွက်ပေးမည်ဖြစ်သည်။ လုပ်ငန်းစုအတွင်းနှင့် ပြင်ပမှ အမြင်များကို အစဉ်တစိုက်ထည့်သွင်းစဉ်းစားရန်၊ ထိရောက်မှုရှိသော ကော်ပိုရိတ်စနစ်များတည်ထောင်ရန်နှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာမြင့်မားသောစံနှုန်းများကို ထိန်းသိမ်းထားနိုင်ရန် ၎င်းတို့မှ ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သည်။ ဤခွင့်ပြုကြေငြာချက်ကို ဖောက်ဖျက်သည့်အခြေအနေများတွင် ထိပ်တန်းစီမံခန့်ခွဲမှု၌ အဆိုပါ အခြေအနေကိုဖြေရှင်းရန်အတွက် လုပ်ငန်းစုအတွင်းရော ပြင်ပတွင်ပါ ချည်းကပ်စုံစမ်းရန် ထင်ရှားပြတ်သားစွာဖော်ပြထားပြီး ဖြစ်ပွားရသည့်အကြောင်းအရင်းများကို ခွဲခြားသတ်မှတ်ကာ ထပ်မံမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မည်ဖြစ်သည်။ ထိပ်တန်းစီမံခန့်ခွဲမှုတွင် တာဝန်ယူမှု၊ တာဝန်ခံမှု၊ သတင်းအချက်အလက်များအား ချက်ချင်းလက်ငင်း၊ သင့်လျော်စွာထုတ်ဖော်ရန်တို့ပါဝင်သည်။

# Fujifilm လုပ်ငန်းစု - ကျင့်ဝတ်-

# မိတ်ဆက်

လက်ရှိအချိန်တွင် ကမ္ဘာကြီး၌ မရေတွက်နိုင်သောစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရပါသည်။ ကြွယ်ဝပြီး တောက်ပထင်ရှားသောလူ့ဘောင်အသိုင်းအဝိုင်းတစ်ရပ်ကို အနာဂတ်မျိုးဆက်သစ်များထံသို့ လွှဲပြောင်းပေးနိုင်ရန်အတွက် ကျွန်ုပ်တို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းနေစဉ်အချိန်အတွင်း ပတ်ဝန်းကျင်၊ စွမ်းအင်၊ အစားအစာ၊ ကျန်းမာရေးနှင့်ဆေးဝါး၊ ဘေးကင်းလုံခြုံရေးနှင့် ဘေးအန္တရာယ်ကာကွယ်ခြင်းဆိုင်ရာ အမျိုးမျိုးသောလူမှုရေးစိန်ခေါ်မှုများကို ဖြေရှင်းရန်လိုအပ်ပြီး လူ့အခွင့်အရေးများကို လေးစားရမည်ဖြစ်သည်။ ကုမ္ပဏီများသည် အဆိုပါ စိန်ခေါ်မှုများတွင် ပံ့ပိုးကူညီပေးနိုင်ရန်နှင့် ပူးပေါင်းပါဝင်သူအမျိုးမျိုးနှင့် အတူလက်တွဲ၍ ဆန်းသစ်တီထွင်ကာ ရေရှည်တည်တံ့သော လူ့ဘောင်အသိုင်းအဝိုင်းတစ်ရပ်ကို ဖန်တီးနိုင်ရန် မျှော်လင့်လျက်ရှိသည်။

အချုပ်ပြောရလျှင် ကျွန်ုပ်တို့၏စီးပွားရေးလုပ်ဆောင်ချက်များအား ဆောင်ရွက်ပုံသည် အရေးကြီးပါသည်။ ကျွန်ုပ်တို့သည် ပူးပေါင်းပါဝင်သူများနှင့် လက်တွဲညီညီဆောင်ရွက်ကာ (ပွင့်ပွင့်လင်းလင်းဖြင့်) အပြန်အလှန်ပြောဆိုဆက်ဆံနိုင်သည့်အပြင် ဘက်မလိုက်သောပုံစံဖြင့် (မျှမျှတတ) စည်းကမ်းများကိုလိုက်နာကာ ကိုယ်ပိုင်ချမှတ်လိုက်သောဆုံးဖြတ်ချက်များနှင့် လုပ်ရပ်များအတွက် တာဝန်ယူပြီး ရိုးသားဖြောင့်မတ်စွာဖြင့် (ရှင်းရှင်းလင်းလင်း) ပွင့်လင်းမြင်သာမှုရှိကြောင်း စိတ်ချသေချာစေရမည်ဖြစ်သည်။ လူ့ဘောင်အသိုင်းအဝိုင်းအတွင်းရှိ အမျိုးမျိုးသော တရားဥပဒေများနှင့် စည်းကမ်းချက်များ စီးပွားရေးကမ္ဘာထဲတွင်လည်း လူ့ဘောင်အသိုင်းအဝိုင်းထဲမှ ကျွန်ုပ်တို့၏နေ့စဉ်ဘဝများအတိုင်းပင် အဆိုပါဥပဒေများ၊ စည်းမျဉ်းများကိုလိုက်နာဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့၏လူ့ဘောင်အသိုင်းအဝိုင်းတန်ဖိုးကို ဆုံးဖြတ်ပါသည်။

လူ့အဖွဲ့အစည်း၌လိုအပ်ပြီး ယုံကြည်ကိုးစားခံရသည့်ကုမ္ပဏီတစ်ခုအဖြစ်ဆက်လက်ရှိနေစေရန် ကျွန်ုပ်တို့အားထုတ်မှုများအားလုံး၏ အခြေခံအနေဖြင့်လိုက်နာဆောင်ရွက်ပြီးရေရှည်တည်တံ့သောလူ့အဖွဲ့အစည်းတစ်ရပ်ကိုဖန်တီးပေးမည် ဖြစ်ပါသည်။

## Fujifilm လုပ်ငန်းစု လေးစားလိုက်နာခြင်းဆိုင်ရာ ကြေငြာချက်

Fujifilm လုပ်ငန်းစုသည် လေးစားလိုက်နာခြင်းဟူသည်ကို တရားဥပဒေအား မချိုးဖောက်ခြင်းဟု ရိုးရိုးရှင်းရှင်း အဓိပ္ပါယ်မဖွင့်ပေ - လေးစားလိုက်နာခြင်းတွင် အခြေခံအသိ၊ ကျင့်ဝတ်များဖြင့် မှန်ကန်စွာပြုမူဆောင်ရွက်ခြင်းလည်း ပါဝင်သည်ဟု ယုံကြည်မိပါသည်။ ကျွန်ုပ်တို့၏ကော်ပိုရိတ်လှုပ်ရှားဆောင်ရွက်မှုများအားလုံးတွင် လေးစားလိုက်နာရန် အလေးပေးပြီး တန်ဖိုးအသစ်တစ်ခုဖန်တီးနိုင်စေရန်အတွက် ကြိုးပမ်းအားထုတ်ပါသည်။ အကယ်၍ လေးစားလိုက်နာရန်လိုအပ်ချက်များသည် စီးပွားရေးလုပ်ငန်းအကျိုးအမြတ်များ သို့မဟုတ် အခြားသူများ၏တောင်းဆိုချက်များနှင့် ရှုပ်ထွေးနေပါက လေးစားလိုက်နာမှုကို ဦးစားပေးမည်ဖြစ်သည်။ ပွင့်လင်းမြင်သာကာ မျှတပြီးပြတ်သားသော ကော်ပိုရိတ်ယဉ်ကျေးမှုသည် ကျွန်ုပ်တို့လှုပ်ရှားဆောင်ရွက်မှုများအားလုံး၏အခြေခံပင်ဖြစ်သည်။



# 1. လူ့အခွင့်အရေးများအပေါ် လေးစားခြင်း

ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်စီတိုင်းအတွက် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးကိစ္စရပ်မှာ လူ့အခွင့်အရေးများပင်ဖြစ်သည်။ တစ်ဦးတစ်ယောက်စီ၏ဂုဏ်သိက္ခာသည် မွေးရာပါ လူ့အခွင့်အရေးများ၏ ပင်မဖြစ်ပြီး အဆိုပါအခွင့်အရေးများကို လေးစားခြင်းမပြုပါက ကုမ္ပဏီတိုးတက်မှုအတွက် အရေးပါသော ဝန်ထမ်းများသည် အလားအလာကောင်းအတိုင်း ဖြစ်မြောက်နိုင်တော့မည်မဟုတ်ဘဲ လူ့ဘောင်အသိုင်းအဝိုင်းမှလိုအပ်ပြီး တန်ဖိုးထားသော ကုမ္ပဏီအဖြစ် ဆက်လက်ရပ်တည်နိုင်တော့မည်မဟုတ်ပေ။ အောက်ဖော်ပြပါအချက်များကို လေ့လာမှတ်သားခြင်းဖြင့် ကျွန်ုပ်တို့၏စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များအပေါ် တိုက်ရိုက်၊ သွယ်ဝိုက်၍ သက်ရောက်မှုရှိသူများအားလုံး၏ အနာဂတ်အလားအလာကို မြှင့်တင်ပေးနိုင်ရန်နှင့် လူ့အသိုင်းအဝိုင်းတန်ဖိုးကို ထုတ်လုပ်ပေးနိုင်စေရန် ကျွန်ုပ်တို့အတွက် အခြေခံမူတစ်ရပ်ပေါ်ပေါက်လာနိုင်စေမည်ဖြစ်သည်။

## (1) လူ့အခွင့်အရေးများကို လေးစားခြင်း

ကျွန်ုပ်တို့သည် လူ့အခွင့်အရေးဆိုင်ရာ အမြဲတစေမှန်ကန်သည့်ကြေငြာချက်၊ အခြားသော အပြည်ပြည်ဆိုင်ရာကြေငြာချက်များ၊ သဘောတူညီချက်များ၊ လမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာတရားဥပဒေများ၊ စည်းမျဉ်းများအပြင် တရားဥပဒေဆိုင်ရာအလေးပေးထားသည့်အချက်များ၌ ခွင့်ပြုပေးထားသည့် လူ့အခွင့်အရေးများကို လေးစားလိုက်နာပြီး မချိုးဖောက်ပါ။

## (2) ကွဲပြားခြားနားသော ကိုယ်ရည်ကိုယ်သွေးနှင့် တစ်ဦးချင်းစီ၏ ထူးခြားမှုတို့ကို လေးစားလိုက်နာခြင်း

ကျွန်ုပ်တို့သည် ဝန်ထမ်းတစ်ဦးချင်းစီ၏ နောက်ခံအခြေအနေ သို့မဟုတ် ယုံကြည်ချက်များ ကွဲပြားမှုကြောင့် မခွဲခြားဘဲ ၎င်းတို့၏ ကိုယ်ရည်ကိုယ်သွေးနှင့် တစ်ဦးချင်းစီ၏ ထူးခြားမှုတို့ကို လေးစားခြင်း၊ လက်ခံခြင်းနှင့် စေ့ဆော်မှုခံယူခြင်းတို့မှတစ်ဆင့် တန်ဖိုးသစ်များ ဖန်တီးကာ ပိုမိုကြွယ်ဝသော လူ့အဖွဲ့အစည်းအတွက် အကျိုးပြုသွားမည် ဖြစ်သည်။

## (3) ခွဲခြားဆက်ဆံမှုကို တားမြစ်ခြင်း

ကျွန်ုပ်တို့သည် ဖြစ်တည်မှုများအတွက် အချင်းချင်းလေးစားပြီး နိုင်ငံသား၊ အသက်အရွယ်၊ လိင်အမျိုးအစား၊ လိင်ပိုင်းဆိုင်ရာခံယူချက် သို့မဟုတ် လိင်ပိုင်းဆိုင်ရာဖြစ်တည်မှု၊ လူမျိုး၊ လူမျိုးစု၊ ဘာသာတရား၊ နိုင်ငံရေးအမြင်၊ အတွေးအခေါ်အယူအဆများ၊ အမျိုးသားရေး သို့မဟုတ် လူမှုရေးအခြေခံ၊ မသန်စွမ်းမှု အစရှိသည်တို့အားဖြင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ ငှါးရမ်းခြင်း၊ ပရိုမိုးရှင်းလုပ်ဆောင်ခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်း၊ အကျိုးကျေးဇူးများ သို့မဟုတ် ပညာရေးအခွင့်အလမ်းများနှင့်စပ်လျဉ်း၍ အဆိုပါအချက်များပေါ်တွင်မူတည်ကာ ဆုံးဖြတ်ချက်များ ချမှတ်ပါသည်။

## (4) နိုင့်ထက်စီးနင်းပြုခြင်းနှင့် အနှောင့်အယှက်ပေးခြင်းတို့ကို တားမြစ်ခြင်း

ကျွန်ုပ်တို့သည် တစ်ဦးတစ်ယောက်စီ၏ ဂုဏ်သိက္ခာကို လျော့ပါးသွားစေမည့်ပုံစံဖြင့် ပြောဆို၊ လုပ်ဆောင်ခြင်းမပြုပေ၊ သို့မဟုတ် လိင်အမျိုးအစား၊ လုပ်ပိုင်ခွင့်အာဏာ သို့မဟုတ် ရာထူး (လိင်ပိုင်းဆိုင်ရာနှောင့်ယှက်စော်ကားခြင်း သို့မဟုတ် ဖိအားပေး၍နှောင့်ယှက်စော်ကားခြင်း) ကဲ့သို့သော အချက်များပေါ်မူတည်၍လူများအား အကျိုးယုတ်အောင်မပြုလုပ်ပေ သို့မဟုတ် ခြိမ်းခြောက်ခြင်းမပြုပေ၊ အခြားသောနိုင့်ထက်စီးနင်းပြုခြင်း သို့မဟုတ် အနှောင့်အယှက်ပေးခြင်းလည်း မလုပ်ဆောင်ပါ။

## (5) ကိုယ်ရေးကိုယ်တာကိုကာကွယ်ခြင်း

လုပ်ငန်းခွင်သို့တာဝန်များထမ်းဆောင်ရင်းရရှိလာသော တစ်ဦးတစ်ယောက်၏ ဘဝနေထိုင်မှုနှင့်သက်ဆိုင်သည့် အချက်အလက်များကို ၎င်း၏ပြတ်ပြတ်သားသားခွင့်ပြုချက်မရရှိဘဲ ကျွန်ုပ်တို့ မမျှဝေပါ သို့မဟုတ် ထုတ်ဖော်ခြင်းမပြုပါ။ ကျွန်ုပ်တို့လက်ခံရရှိသောကိုယ်ရေးကိုယ်တာအချက်အလက်များကိုသက်ဆိုင်ရာတရားဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သင့်လျော်အောင် စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## (6) ဘဝတစ်သက်တာဟန်ချက်ညီမှုကို မြှင့်တင်ခြင်း

ဝန်ထမ်းများအလုပ်ခွင်၊ ကိုယ်ရေးကိုယ်တာအခြေအနေများနှင့်တာဝန်ဝတ္တရားများတွင်စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာစေရန်အလို့ငှါ ပံ့ပိုးပေးရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။ ယင်းကဲ့သို့ပံ့ပိုးပေးရန်အတွက် ကျွန်ုပ်တို့သည် လူများ၏လိုအပ်ချက်များကို လေးစားကာ ကလေးပြုစုစောင့်ရှောက်ရေးနှင့် သူနာပြုဖြင့်ပြုစုစောင့်ရှောက်ရေးကဲ့သို့သော မိသားစုအား ပြုစုစောင့်ရှောက်ခြင်းတာဝန်များအပါအဝင် ကိုယ်ရေးကိုယ်တာအခြေအနေများကို နားလည်သဘောပေါက်သည့်အပြင် ကျွန်ုပ်တို့ကိုယ်တိုင်၊ ကျွန်ုပ်တို့၏လုပ်ဖော်ကိုင်ဖက်များနှင့် ကျွန်ုပ်တို့၏တာဝန်ဝတ္တရားများအတွင်း ဆက်ဆံခဲ့သူများ ပရော်ဖက်ရှင်နယ်ဆန်ဆန်တိုးတက်လာစေရန် အတူတကွကြိုးပမ်းသွားမည်ဖြစ်ပါသည်။

## (7) အဓမ္မခိုင်းစေခြင်း/ကလေးလုပ်သားဆိုင်ရာ တားမြစ်ချက်

ကျွန်ုပ်တို့သည် အလုပ်သမားအားကျွန်ပြုခြင်း၊ အလုပ်သမားအား ခံဝန်ချုပ်ရေးထိုးခိုင်းထားခြင်း သို့မဟုတ် လူကုန်ကူးခြင်းအပါအဝင် အတင်းအဓမ္မခိုင်းစေခြင်း သို့မဟုတ် ကလေးလုပ်သားများကဲ့သို့သောကိစ္စရပ်များတွင် ပါဝင်ပတ်သက်ခြင်းမရှိပါ။ ကျွန်ုပ်တို့သည် သင့်လျော်သောအလုပ်ခန့်အပ်မှုလုပ်ငန်းစဉ်များမှတဆင့် အလုပ်ခန့်အပ်မှုတွင် လွတ်လပ်စွာရွေးချယ်ခွင့်ပြုထားပြီး အတင်းအဓမ္မခိုင်းစေခြင်းနှင့် ကလေးလုပ်သားများကိုခိုင်းစေခြင်းမလုပ်ဆောင်စေရန် လိုအပ်သောစစ်ဆေးမှုများ ဆောင်ရွက်ပါသည်။

## (8) အလုပ်အကိုင်ဘေးကင်းရေးနှင့် ကျန်းမာရေးတို့ကို အဆင့်မြှင့်တင်ခြင်း

လုပ်ငန်းခွင်မတော်တဆမှုများမှကာကွယ်ရန်ရေးဆွဲထားသော သက်ဆိုင်ရာ အလုပ်ခွင်တွင်းကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ဥပဒေများနှင့်စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့သည် မိမိ၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ ကျွန်ုပ်တို့လုပ်ဖော်ကိုင်ဖက်များနှင့် လုပ်ငန်းအတူတကွလုပ်ကိုင်သူများ၏ မိမိ၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအတွက် သင့်လျော်အောင် ထည့်သွင်းစဉ်းစားမည်ဖြစ်ပြီး ဘေးကင်းလုံခြုံကာ ကျန်းမာရေးအတွက်သင့်လျော်ပြီး ကောင်းမွန်သောလုပ်ငန်းခွင်ဝန်းကျင်များကို ထိန်းသိမ်းထားနိုင်ရန်နှင့် ပိုမိုတိုးတက်လာစေရန်ရည်ရွယ်ပါသည်။

## (9) အလုပ်သမားအခွင့်အရေးများကို လေးစားခြင်း

အလုပ်သမားများ၏အခွင့်အရေးများကို စုပေါင်း၍စီမံပြင်ဆင်ပြီး ညှိနှိုင်းခြင်းအပါအဝင် ဒေသဆိုင်ရာတရားဥပဒေများနှင့် ပြဋ္ဌာန်းထားသော လိုက်နာရန်အချက်များနှင့်အညီ ကျွန်ုပ်တို့သည် အလုပ်သမားအခွင့်အရေးများကို လေးစားပြီး ချိုးဖောက်ခြင်းမပြုပါ။



# 2. မျှတသောကော်ပိုရိတ်လုပ်ရှားဆောင်ရွက်မှုများ

ကျွန်ုပ်တို့ပါဝင်လုပ်ဆောင်သော ကော်ပိုရိတ်လှုပ်ရှားဆောင်ရွက်မှုများသည် ပွင့်လင်းမြင်သာပြီး မျှတကာ သိသာထင်ရှားကြောင်း စိတ်ချသေချာရစေရန် ကြိုးပမ်းဆောင်ရွက်ပါသည်။ ဖော်ပြထားသည့်အချက်များကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ခြင်းကြောင့် တရားဥပဒေပိုင်းဆိုင်ရာပိတ်ဆို့မှုများဖြစ်ပွားနိုင်ရုံသာမက ကုမ္ပဏီ၏ယုံကြည်မှုကိုလည်းဆုံးရှုံးသွားနိုင်သည်။ ကျွန်ုပ်တို့သည် အဆိုပါအချက်များကိုလိုက်နာဆောင်ရွက်ပြီး ကျင့်ဝတ်ပိုင်း၌ မြင့်မြင့်ကျင့်ရန် ရည်ရွယ်ပါသည်။ ကျွန်ုပ်တို့၏ကော်ပိုရိတ်လုပ်ဆောင်ချက်များကို မန်နေဂျာများမှတဆင့် မဆိုင်းမတွဖြင့် တိတိကျကျအစီရင်ခံတင်ပြမည်ဖြစ်ပြီး သတ်မှတ်ထားသောလုပ်ငန်းစဉ်များပါအဆင့်များကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## (1) တက်ကြွစွာ ဆက်သွယ်ဆက်ဆံခြင်း

လူ့ဘောင်အသိုင်းအဝိုင်း၏တောင်းဆိုမှုများကိုတုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန်အတွက်ရုံးတွင်းရုံးပြင် ဆက်သွယ်သည့်နည်းလမ်းနစ်မျိုးကိုဦးစားပေးဆောင်ရွက်ပြီးလုပ်မှုဝန်းကျင်တွင် နှစ်ဦးနှစ်ဖက်တိုးတက် ဖြစ်ထွန်းမှုများရှိလာစေရန် ကြိုးပမ်းဆောင်ရွက်လျက် ကျွန်ုပ်တို့၏ ကော်ပိုရိတ်လှုပ်ရှားဆောင်ရွက်မှုများကို အကောင်အထည်ဖော်ရာတွင် ပွင့်လင်း၊ မျှတပြီး မြင်သာထင်သာရှိသော စိတ်နေသဘောထားနှင့် ရပ်တည်ချက်တို့ကို ထိန်းသိမ်းထားရှိပါသည်။

## (2) သတင်းအချက်အလက် ထုတ်ဖော်ကြေငြာခြင်း

ကျွန်ုပ်တို့၏ စီမံခန့်ခွဲမှုပေါ်လစီနှင့် လုပ်ဆောင်ချက်များအပါအဝင် ကော်ပိုရိတ်အချက်အလက်များကိုဝယ်ယူအားပေးသူများ၊  စီးပွားလုပ်ငန်းဖက်များ၊ ဝန်ထမ်းများ၊ ဒေသခံလူ့အဖွဲ့အစည်းများ၊ အစိုးရရုံးများ၊ ရှယ်ယာဝင်များ၊ အခြားသောရင်းနှီးမြှုပ်နှံသူများ၊ NGO များနှင့် NPO များကဲ့သို့သောပူးပေါင်းပါဝင်သူများထံသို့ တက်တက်ကြွကြွဖြန့်ဝေခြင်းဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုကို စတင်မွေးမြူပါသည်။

## (3) မျှတသောပြိုင်ဆိုင်မှု

ကျွန်ုပ်တို့သည် လွတ်လပ်သောဈေးကွက်ပြိုင်ဆိုင်မှုကို သတိပြုမိပြီး ကိုးကြောင်းမဆီလျော်သော ကုန်သွယ်ရေးကန့်သတ်ချက်များကို မချမှတ်ပါ သို့မဟုတ် မျှတသောပြိုင်ဆိုင်မှုကို အဟန့်အတားဖြစ်စေသည့် မမျှတသောကုန်သွယ်မှုနည်းလမ်းများကို အသုံးမပြုပါ။

## (4) မျှတသော အရောင်းပိုင်းဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများ

ကျွန်ုပ်တို့သည် ဝယ်ယူသုံးစွဲသူများ၊ ဖြန့်ချိရောင်းချသူများကဲ့သို့သော အရောင်းပိုင်းဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များဖြင့် တရားမျှတစွာ ရောင်းချလုပ်ကိုင်ပါသည်။ ကျွန်ုပ်တို့သည် ဝယ်ယူသုံးစွဲသူများနှင့် အရောင်းကိုယ်စားလှယ်များနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင်အရောင်းပိုင်းဆိုင်ရာမှတ်တမ်းများကို စာရင်းလိမ်ခြင်း ကဲ့သို့သော မသင့်လျော်သည့် အရောင်းပိုင်းဆိုင်ရာလုပ်ဆောင်ချက်များကို မဆောင်ရွက်သည့်အပြင် ဝယ်ယူသုံးစွဲသူများ၊ အရောင်းကိုယ်စားလှယ်များနှင့် ပူးပေါင်းလိမ်လည်သည်ဟု သင်္ကာမကင်းဖြစ်စေမည့်လုပ်ရပ်များတွင် ပါဝင်ပတ်သက်ခြင်းမရှိပါ။

## (5) မျှတသော ဝယ်ယူမှု

ကျွန်ုပ်တို့သည် ပံ့ပိုးပေးသွင်းသူများနှင့် ကျွန်ုပ်တို့၏ဆက်ဆံရေး၌ မျှတစွာလုပ်ကိုင်ဆောင်ရွက်ပါသည်။ ကိုယ်ကျိုးရှာခြင်း (ငွေ၊ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ အစရှိသည်) ကဲ့သို့သော ပံ့ပိုးပေးသွင်းသူများနှင့်မျှတသောဆက်ဆံရေးအပေါ် အနှောင့်အယှက်ဖြစ်စေမည့်လုပ်ရပ်များတွင် ပါဝင်ပတ်သက်ခြင်းမရှိသည့်အပြင် ဩဇာအာဏာအသုံးပြု၍ ဈေးနှိမ်ခြင်းကဲ့သို့သော အလွဲသုံးစားမှုများ မလုပ်ဆောင်ပါ။

## (6) အကျင့်ပျက်ခြစားမှုမှကာကွယ်ခြင်း

ကျွန်ုပ်တို့သည် နိုင်ငံရပ်ခြားနှင့် ဒေသခံအစိုးရအရာရှိများ၊ အခြားသော ပြည်သူ့ဝန်ထမ်းများဖြင့် ဆက်ဆံရာတွင် ဆင်ခြင်တွေးခေါ်ပြီး စေ့စပ်သေချာစွာသတိထားကာ လုပ်ဆောင်မည့်အပြင် အကျင့်ပျက်ခြစားသည့်လုပ်ရပ်များတွင် ပါဝင်မည်မဟုတ်ပါ။

## (7) လာဘ်ပေးလာဘ်ယူခြင်းဆိုင်ရာ တားမြစ်ချက်နှင့် လက်ဆောင်ဖလှယ်ခြင်းနှင့် ဖျော်ဖြေပေးခြင်းဆိုင်ရာ ကန့်သတ်ချက်

ဖြန့်ချိရောင်းချသူများ၊ စီးပွားလုပ်ငန်းဖက်များနှင့် ကောင်းမွန်သောဆက်ဆံရေးများကို ထိန်းသိမ်းထားနိုင်စေရန် တရားမျှတမှုကိုထိခိုက်စေမည့် သို့မဟုတ် စာချုပ်များအတွက် လာဘ်ထိုးသည့်အနေဖြင့် လက်ဆောင်လဲလှယ်ခြင်း သို့မဟုတ် ဖျော်ဖြေပေးခြင်း သို့မဟုတ် နိုင်ငံရေးပိုင်းတွင် ပံ့ပိုးကူညီပေးခြင်း၊ လှူဒါန်းခြင်း သို့မဟုတ် စပွန်စာပေးခြင်းများကို မလုပ်ဆောင်ဘဲ နိုင်ငံရပ်ခြားနှင့်ဒေသခံအစိုးရအရာရှိများ၊ အခြားသောပြည်သူ့ဝန်ထမ်းများဖြင့် လေးစားဖွယ်ကောင်းသော/ရိုးသားသော ဆက်ဆံရေးကိုသာ ထိန်းသိမ်းထားမည်ဖြစ်ပါသည်။

## (8) ကုမ္ပဏီ၏ရာထူးကို အသုံးပြု၍ နိုင်ငံရေး၊ အတွေးအခေါ် သို့မဟုတ် ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများတွင် တစ်ကိုယ်ရေတစ်ကာယ ပါဝင်ပတ်သက်ခြင်းကို တားမြစ်ခြင်း

ကျွန်ုပ်တို့သည် နိုင်ငံရေးပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်း၊ သို့မဟုတ် အခြားသော အတွေးအခေါ် သို့မဟုတ် ဘာသာရေးအဖွဲ့တစ်ခုခုနှင့် စပ်လျဉ်း၍ တစ်စုံတစ်ဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆက်နွှယ်မှုများ သို့မဟုတ် ထင်မြင်ယူဆချက်များကို ထောက်ခံရန် သို့မဟုတ် ဆန့်ကျင်ရန် ကုမ္ပဏီ၏ သယံဇာတများ သို့မဟုတ် ဆက်နွှယ်မှုများကို အသုံးမပြုပါ။

## (9) အကွက်ချထားသောရာဇဝတ်မှုကို ရှုံ့ချခြင်း

ကျွန်ုပ်တို့သည် တရားမဝင်လုပ်ငန်းများ (သို့) ပြည်သူလူထုအပေါ်ထုတ်ပြန်ထားသောအမိန့်နှင့် ဘေးကင်းလုံခြုံရေးအပေါ် ခြိမ်းခြောက်သောအဖွဲ့များနှင့် ပတ်သက်ခြင်းကို ရှုံ့ချပြီး ငွေကြေးခဝါချပေးခြင်းအပါအဝင် အဆိုပါအဖွဲ့များအတွက် အကျိုးရှိစေမည့်နည်းလမ်းများဖြင့် ဆောင်ရွက်ပေးခြင်းမပြုပါ။

## (10) ကုန်သွယ်မှုထိန်းချုပ်ခြင်းစည်းမျဉ်းများကို လိုက်နာခြင်း

ကျွန်ုပ်တို့သည် ကုန်ပစ္စည်းများတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ နည်းပညာနှင့် ဆော့ဖ်ဝဲလ်တို့အပြင် နည်းပညာပိုင်းဆိုင်ရာအချက်အလက်များ (နည်းပညာပိုင်းဆိုင်ရာလမ်းညွှန်အပါအဝင်) ကို ပြင်ပသို့ထုတ်ဖော်ကြေငြာခြင်းနှင့်သက်ဆိုင်သော ကုန်သွယ်မှုထိန်းချုပ်ခြင်းစည်းမျဉ်းများကို လိုက်နာပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပါသည်။

## (11) ဘဏ္ဍာရေးပိုင်းတွင် တိတိကျကျဖော်ပြခြင်းနှင့် သင့်လျော်သော အခွန်ပေးချေမှုများ

ကျွန်ုပ်တို့၏ကော်ပိုရိတ်လုပ်ရှားဆောင်ရွက်မှုများတွင် ငွေစာရင်းပိုင်းနှင့် ဘဏ္ဍာရေးပိုင်းကို တိတိကျကျဖော်ပြနိုင်စေရန် ကြိုးစားပြီး စာရင်းလိမ်ခြင်း သို့မဟုတ် စာရင်းလိမ်ခြင်းနှင့်ဆက်စပ်နေသော လုပ်ဆောင်ချက်တစ်စုံတစ်ရာတွင် ပါဝင်ခြင်းများမလုပ်ဆောင်ပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လုပ်ငန်း လည်ပတ်နေသော နိုင်ငံများနှင့် ဒေသများရှိ အခွန်ဥပဒေများအပြင် အပြည်ပြည်ဆိုင်ရာအခွန်စည်ကမ်းများကိုလိုက်နာပြီး ဥပဒေအရ ပေးဆောင် ရမည့် သင့်လျော်သောအခွန်များကိုလည်း ပေးဆောင်ပါသည်။

## (12) အရည်အသွေးစစ်ဆေးခြင်း/ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ ဘေးကင်းရေး

ကျွန်ုပ်တို့၏ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများကို ဈေးကွက်၌ပေးစွမ်းရာတွင် ၎င်းတို့သည်ဘေးကင်းပြီး အရည်အသွေးမြင့်မားကြောင်း အကြွင်းမဲ့ စိတ်ချရအောင် လုပ်ဆောင်ပါသည်။ ကျွန်ုပ်တို့၏ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဘာသာစကားမရွေး၊ ယဉ်ကျေးမှုမရွေး၊ အသက်အရွယ်၊ ကျား၊ မ မရွေး သို့မဟုတ် သန်စွမ်းသူ၊ မသန်စွမ်းသူမရွေးအသုံးပြုနိုင်ကြောင်း စိတ်ချသေချာစေမည့် လူတိုင်းအသုံးပြုနိုင်မည့်ဒီဇိုင်း၏အရေးကြီးပုံကို သတိချပ်မိပါသည်။ ကျွန်ုပ်တို့သည် ထုတ်ကုန်များနှင့် အသုံးပြုပုံများဆိုင်ရာ အညွှန်းများနှင့်ဖော်ပြချက်များကို တိတိကျကျနှင့် နားလည်သဘော ပေါက်ရလွယ်ကူအောင် ပေးဆောင်ထားသည့်အပြင် မတော်တဆမှုများမဖြစ်ပွားအောင်လည်း ကြိုးပမ်းဆောင်ရွက်ပါသည်။ မတော်တဆမှုဖြစ်ပွား ပါက ချက်ချင်း သင့်လျော်စွာ တုံ့ပြန်ဆောင်ရွက်ပေးပါသည်။

## (13) တာဝန်ယူမှုအပြည့်ရှိသော ဈေးကွက်ချဲ့ထွင်ခြင်း

အသုံးပြုသူများ၊ ဝယ်ယူအားပေးသူများထံ ကျွန်ုပ်တို့၏ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့်သက်ဆိုင်သော အချက်အလက်များကို တိတိကျကျ စိတ် ရင်းစေတနာမှန်ဖြင့် ဖော်ပြထားသော ဈေးကွက်ချဲ့ထွင်ခြင်းနှင့် ပရိုမိုးရှင်းလှုပ်ရှားဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်မည်ဖြစ်ပါသည်။



# 3. ကော်ပိုရိတ်၏ပိုင်ဆိုင်မှုနှင့် အချက်အလက်များကို ကာကွယ်ခြင်း/ ထိန်းသိမ်းခြင်း

ကုမ္ပဏီများတွင် ပိုင်ဆိုင်မှုအများအပြားရှိကြသည်။ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျွန်ုပ်တို့ပိုင် ကော်ပိုရိတ်ပိုင်ဆိုင်မှုများကိုသာမက ဝယ်ယူသုံးစွဲသူများ၏အချက်အလက်များအပါအဝင် ကျွန်ုပ်တို့၏စီးပွားရေးလုပ်ငန်းဖက်များနှင့် တွဲဖက်လုပ်ကိုင်သူများနှင့်ချုပ်ဆိုထားသည့် စာချုပ်များမှတဆင့် ကျွန်ုပ်တို့ထံအပ်နှံထားသော ဒြပ်ရှိ၊ ဒြပ်မရှိပိုင်ဆိုင်မှုများကဲ့သို့သော ပိုင်ဆိုင်မှုအများအပြားကို အသုံးပြုပါသည်။ ကုမ္ပဏီများသည် သဘာဝဘေးအန္တရာယ်၊ အကွက်ချထားသော ရာဇဝတ်မှု၊ အကြမ်းဖက်မှုနှင့် ဆိုက်ဘာတိုက်ခိုက်မှုများအပါအဝင် အမျိုးမျိုးသောခြိမ်းခြောက်မှုများကို တိုး၍သာ ရင်ဆိုင်နေကြရသောကြောင့် ကျွန်ုပ်တို့၏ကိုယ်ပိုင်ပိုင်ဆိုင်မှုများနှင့်အခြားသူများ၏ပိုင်ဆိုင်မှုဆိုင်ရာအခွင့်အရေးများကိုယင်းကဲ့သို့သော ခြိမ်းခြောက် မှုများမှကာကွယ်ရမည်ဖြစ်သည်။ တစ်ရက်ပြီးတစ်ရက်လုပ်ငန်းများဆောင်ရွက်ရာတွင် ကျွန်ုပ်တို့ကိုင်တွယ်ဆောင်ရွက်သော အချက်အလက်နှင့် ပိုင်ဆိုင်မှုများနှင့် လုပ်ကိုင်သောအခါ၌ သတိထားရန်နှင့်၎င်းတို့ မထိခိုက်သွားအောင်ကာကွယ်ရန်အတွက် ကြိုတင်ကာကွယ်စစ်ဆေးခြင်းများဆောင်ရွက်ကာ မသင့်လျော်သောအချက်အလက်ဖွင့်ဟမှုများကို ပြန်လည်ပြင်ဆင်ရန် ပိုမို၍လိုအပ်လာသည်။

## (1) ကော်ပိုရိတ်ပိုင်ဆိုင်မှုများကို ထိထိရောက်ရောက်အသုံးပြုခြင်း

မူပိုင်ခွင့်ရှိသော ထိပ်တန်းနည်းပညာများကို အသုံးပြုထားသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပေးစွမ်းရာတွင် အဓိကစီမံခန့်ခွဲမှုအရင်းအမြစ်ဖြစ်သော ကော်ပိုရိတ်၏ ဒြပ်ရှိသည့်၊ ဒြပ်မရှိသည့်ပိုင်ဆိုင်မှုများကို ထိထိရောက်ရောက် အသုံးပြုပါသည်။

## (2) ကော်ပီရိုက်ပိုင်ဆိုင်မှုများကို မသင့်လျော်စွာအသုံးပြုမှု တားမြစ်ခြင်း

ကျွန်ုပ်တို့သည် ထုတ်ကုန်များ၊ အသုံးအဆောင်များ၊ ကိရိယာများ၊ အချက်အလက်များနှင့် intellectual property များကဲ့သို့သော ဒြပ်ရှိသည့်၊ ဒြပ်မရှိသည့် ကော်ပီရိုက်၏ပိုင်ဆိုင်မှုများကို သင့်လျော်စွာစီမံခန့်ခွဲပြီး အသုံးပြုပါသည်။ ကျွန်ုပ်တို့သည် ၎င်းတို့ကို ကိုယ်ကျိုးရှာရန် သို့မဟုတ် အခြားသောမလျော်ကန်သည့်ရည်ရွယ်ချက်များအတွက်အသုံးမပြုဘဲ ၎င်းတို့ကို ပျက်စီးစေမည့် သို့မဟုတ် တန်ဖိုးလျော့ကျစေမည့်ပုံစံများလည်း မလုပ်ဆောင်ပါ။

## (3) အမြတ်အစွန်းဆိုင်ရာ ပဋိပက္ခများနှင့်ပတ်သက်၍ တားမြစ်ခြင်း

ကျွန်ုပ်တို့သည် ကုမ္ပဏီ၏အမြတ်အစွန်းများထဲမှ ကိုယ်ရေးကိုယ်တာအကျိုးအမြတ် သို့မဟုတ် မိသားစုများ၊ သူငယ်ချင်းများ သို့မဟုတ် အသိအကျွမ်းများ၏အကျိုးအမြတ်အတွက် ဆောင်ရွက်သည့်ပုံစံဖြင့် မလုပ်ဆောင်ပါ။ ဥပမာအနေဖြင့် ကျွန်ုပ်တို့သည် ကုမ္ပဏီ၏စီးပွားလုပ်ငန်းများနှင့် ပြိုင်ဆိုင်ခြင်းမပြုဘဲ ယင်းကဲ့သို့သော အပြိုင်အဆိုင်စီးပွားရေးလုပ်ငန်းများ သို့မဟုတ် လုပ်ငန်းပြိုင်ဖက်များ၏ အကျိုးအမြတ်ရှိစေမည့်အလုပ်များတွင် ပါဝင်ခြင်းမပြုပါ။

## (4) အတွင်းလူထား၍ အပေးအယူလုပ်ခြင်းကို တားမြစ်ခြင်း

ကျွန်ုပ်တို့၏တာဝန်ဝတ္တရားများထမ်းဆောင်ခြင်းဖြင့်ရရှိလာသောသို့မဟုတ် အထူးသဖြင့် စီးပွားလုပ်ငန်းဖက် များထံမှရရှိသော သို့မဟုတ် အကြီးတန်းအရာရှိများ သို့မဟုတ် ဝန်ထမ်းများမှအနေဖြင့် ရာထူးများကိုအသုံးပြု၍ အခြားသူများထံမှရရှိသော (အတွင်းလူကုန်သွယ်ရေး) လျှို့ဝှက်အသိပညာများကိုအခြေခံ၍ အစုရှယ်ယာများ၊ ကတိကဝတ်များ သို့မဟုတ် အခြားသောလုံခြုံရေးများကို အပေးအယူလုပ်ခြင်း မပြုပါ။

## (5) ထိပ်တန်းလျှို့ဝှက်အချက်အလက်များကို ကာကွယ်ခြင်း

ကော်ပီရိုက်ထိပ်တန်းအချက်အလက်များသည် အရေးကြီးသော ကော်ပီရိုက်ပိုင်ဆိုင်မှုများဖြစ်သည်ကို သတိပြုမိပြီး လျှို့ဝှက်သိမ်းဆည်းထားနိုင်ရန်အတွက် ၎င်းတို့ကို အထူးသတိထားကာ စီမံဆောင်ရွက်ပါသည်။

## (6) အခြားသူများ၏ intellectual property ကို ကာကွယ်ခြင်း

ကျွန်ုပ်တို့သည် အခြားသူများ၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို မသင့်လျော်သောနည်းဖြင့် ရယူခြင်း (သို့) အသုံးပြုခြင်း မပြုပါ။ ထို့အပြင် မူပိုင်ခွင့် (သို့) မူပိုင်ခွင့်အခွင့်အရေးများကဲ့သို့သော အခြားသူများ၏ intellectual property အခွင့်အရေးများကိုလည်း မချိုးဖောက်ပါ။

## (7) ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်ခြင်း

ကျွန်ုပ်တို့သည်ကိုယ်ရေးကိုယ်တာအချက်အလက်များ၏အထိခိုက်မခံမှုကို သတိချပ်ကာ ၎င်းတို့ကို သင့်လျော်စွာ ကိုင်တွယ်ပြီး အထိခိုက်မခံသော အချက်အလက်များအား စုဆောင်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းတို့လုပ်ဆောင်ရာတွင် ချမှတ်ထားသောတရားဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာပါသည်။

## (8) ပြဿနာများ စီမံခန့်ခွဲခြင်း

ကျွန်ုပ်တို့သည်သဘာဝဘေးအန္တရာယ်များ၊အကြမ်းဖက်မှုများနှင့်ဆိုက်ဘာတိုက်ခိုက်မှုများကဲ့သို့သော ခြိမ်းခြောက်မှုများကို အရေးပေါ်တုံ့ပြန်ရန် ပြင်ဆင်ရာတွင် စနစ်ကျသော ပြဿနာများစီမံခန့်ခွဲမှုအတိုင်း လိုက်နာလုပ်ဆောင်ပါသည်။ ယင်းကဲ့သို့သောအခြေအနေများဖြစ်ပွားလာပါကကျွန်ုပ်တို့၏ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ဘေးကင်းလုံခြုံရေးကိုဦးစားပေး၍ ပူးပေါင်းပါဝင်သူများအပေါ် ဆိုးကျိုးသက်ရောက်မှု နည်းနိုင်သမျှ နည်းအောင် လုပ်ဆောင်သွားမည်ဖြစ်သည်။



# 4. သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာရပ်များနှင့်သက်ဆိုင်သော စိစ်ဆေးမှုများ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာရပ်များသည် ဒေသတစ်ခု သို့မဟုတ် နိုင်ငံတစ်နိုင်ငံမှ သီးခြားမဖြေရှင်းနိုင်ပဲ လူသားဆန်ဆန်မှုဝေကူညီရမည့် အဓိကစိန်ခေါ်မှုများဖြစ်သည်။ ယင်းအတွက် တစ်ဦးတစ်ယောက်စီ၊ စီးပွားရေးလုပ်ငန်းများ၊ ဒေသခံလူ့အဖွဲ့အစည်းများနှင့် အမျိုးမျိုးသောပူးပေါင်းပါဝင်သူများမှ အတူဆောင်ရွက်ရန် လိုအပ်သည်။ သက်ဆိုင်ရာဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည့်အပြင် ကုန်ကြမ်းဝယ်ယူမှုမှသည် ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ဖြန့်ချိရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း၊ ဝယ်ယူသုံးစွဲသူက အသုံးပြုခြင်းတို့မှ ထုတ်ကုန်သက်တမ်း ကုန်ဆုံးသည်အထိ ပူးပေါင်းဆောင်ရွက်ရသည့်လုပ်ရှားဆောင်ရွက်မှုအားလုံး၌ သဘာဝပတ်ဝန်းကျင်ပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးလျော့ပါးစေရန်အတွက် ကျွန်ုပ်တို့၏သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်များကို အဆင့်မြှင့်တင်ဆောင်ရွက်ပါသည်။ ထို့အပြင် ထိပ်တန်းနည်းပညာများ၊ ဆန်းသစ်တီထွင်မှုများဖြင့် သဘာဝပတ်ဝန်းကျင်ပိုင်းဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရာ၌ ပံ့ပိုးကူညီနိုင်ရန်လည်း ရည်ရွယ်ပါသည်။ အစားထိုးမရသောကမ္ဘာမြေကြီးကို အနာဂတ်မျိုးဆက်သစ်များထံသို့ လက်လွှဲပေးရန်အတွက် တစ်ဦးတစ်ယောက်စီ၌အသိတရားရှိပြီး ဝန်ထမ်းတိုင်းမှ စေတနာဖြင့်ပါဝင်ပေးရန် လိုအပ်ပါသည်။

## (1) ရာသီဥတုဖောက်ပြန်မှုအပေါ် တုံ့ပြန်ခြင်း

လူသားများကြောင့် ရာသီဥတုဖောက်ပြန်မှု ပိုမိုကြီးမားလာသည်မှာ ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုဖြစ်ကြောင်း ကျွန်ုပ်တို့ သတိပြုမိပြီး ကာဗွန်ကင်းစင်သောလူ့ဘောင်ဝန်းကျင်ဖြစ်လာစေရန် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလျှော့ချနိုင်စေရန်အတွက် စိစ်ဆေးမှုများကို လက်ဦးမှု ရယူကာ မြှင့်တင်ဆောင်ရွက် သွားမည်ဖြစ်ပြီး ကျွန်ုပ်တို့၏ စီးပွားရေးဆောင်ရွက်မှုများအားလုံးမှတဆင့် ရာသီဥတုဖောက်ပြန်ခြင်း၏ အကျိုးဆက်ကို ကြိုးပမ်းထိန်းချုပ်သွားမည်ဖြစ်သည်။

## (2) စီးပွားရေးသံသရာအပေါ် ပံ့ပိုးဆောင်ရွက်ပေးခြင်း

အရင်းအမြစ်များတွင်အကန့်အသတ်ရှိကြောင်း ကျွန်ုပ်တို့သတိပြုမိပြီး အဆိုပါအရင်းအမြစ်များ သုံးစွဲမှုကိုလျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်ဖန်တီးသုံးစွဲခြင်းတို့ကိုမြှင့်တင်ခြင်းဖြင့် စီးပွားရေးသံသရာတစ်ခုပေါ်ပေါက်လာစေရန် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

## (3) ဓာတုပစ္စည်းများ၏ ဘေးကင်းလုံခြုံရေးနှင့် ထိထိရောက်ရောက်အသုံးပြုခြင်း

လူသားများ၏ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများမသက်ရောက်စေရန်အတွက် ဓာတုပစ္စည်းများကိုဖန်တီးခြင်း၊ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းတို့တွင် လိုအပ်သောစစ်ဆေးမှုများကို လုပ်ဆောင်မည်ဖြစ်ပါသည်။ ထို့အပြင် အမျိုးမျိုးသော လူမှုရေးပြဿနာများကိုကူညီဖြေရှင်းရန်အတွက် ဓာတုပစ္စည်းများ၏ထိရောက်မှု ပိုမိုအားကောင်းစေရန်လည်း ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါသည်။

## (4) ဒေသခံပတ်ဝန်းကျင်ကိုကာကွယ်ခြင်းနှင့် ဒေသခံအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

ကျွန်ုပ်တို့သည် ဒေသခံအသင်းအဖွဲ့များ၏အဖွဲ့ဝင်အနေဖြင့် လေ၊ မြေနှင့် ရေတို့ကိုကာကွယ်ရန်၊ ဆူညံမှု၊ ညစ်ညမ်းမှု၊ တုန်ခါမှုနှင့်အနံ့အသက်များကိုလျှော့ချရန်အပြင် ဇီဝမျိုးကွဲများကိုထိန်းသိမ်းရန်အတွက် အမျိုးမျိုးသော ပူးပေါင်းပါဝင်သူများနှင့် လက်တွဲဆောင်ရွက်မည်ဖြစ်ပါသည်။

# လျှို့ဝှက်တိုင်ကြားနိုင်သောစနစ်အား အသုံးပြုခြင်း

ကျင့်ဝတ်နှင့်စပ်လျဉ်းသည့် မေးခွန်းများ ပေါ်ပေါက်လာပါက သို့မဟုတ် ကျင့်ဝတ်ချိုးဖောက်မှုကို ဖော်ထုတ်သိရှိပါက အရာရှိများနှင့် ဝန်ထမ်းများသည် အမှုထားဖွယ်ရာကိစ္စကို လျှို့ဝှက်တိုင်ကြားနိုင်သောစနစ်ထံ ပေးပို့ဆွေးနွေးနိုင်ပါသည် သို့မဟုတ် အစီရင်ခံတိုင်ကြားနိုင်ပါသည်။ လျှို့ဝှက်တိုင်ကြားနိုင်သောစနစ်၏ ရည်ရွယ်ချက်မှာ သင့်အလုပ်ခွင်ရှိ ပြဿနာငယ်များက ဆိုးရွားသောကိစ္စများအဖြစ် မကြီးထွားလာစေရန် တားဆီးပေးပြီး ပိုမိုကောင်းမွန်သောကုမ္ပဏီပတ်ဝန်းကျင်ကို ဖန်တီးရန် ဖြစ်ပါသည်။ အခြေခံသဘောတရားမှာ သင့်အလုပ်ခွင်အတွင်း ဖြစ်ပွားသောပြဿနာများကို အလုပ်ခွင်အတွင်း၌သာ ဖြေရှင်းသင့်သည်ဟူ၍ ဖြစ်ပါသည်။ သို့သော် ပြဿနာတစ်ခုကို သင်ကုမ္ပဏီရှိ လေးစားလိုက်နာရေးဌာနခွဲဖြင့် သို့မဟုတ် သင်စိုးရိမ်ပူပန်သည့်ကိစ္စများအား အထက်လူကြီးထံသို့ အစီရင်ခံရန် ခက်ခဲသောအခါတွင် လျှို့ဝှက်တိုင်ကြားနိုင်သောစနစ်ထံ ဆက်သွယ်ခြင်းဖြင့် အစီရင်ခံတိုင်ကြားပြီး အကူအညီရယူနိုင်ပါသည်။

- ဝန်ထမ်းများသည် လျှို့ဝှက်တိုင်ကြားနိုင်သောစနစ်ထံသို့ စိတ်ရင်းစေတနာမှန်ဖြင့် အစီရင်ခံတိုင်ကြားခြင်းအတွက် လက်တုံ့ပြန်ခြင်းခံရမည်မဟုတ်ပါ သို့မဟုတ် ဒဏ်ခတ်ခံရမည်မဟုတ်ပါ။
- မမှန်ကန်သော၊ အသရေဖျက်သည့် သို့မဟုတ် မလိုမုန်းထား တိုင်ကြားချက်များ ပြုလုပ်ခြင်းကို တားမြစ်အပ်ပါသည်။

လျှို့ဝှက်တိုင်ကြားနိုင်သောစနစ်ဆိုင်ရာ ထပ်လောင်းအချက်အလက်များကို သိရှိနိုင်စေရန်အတွက် ကုမ္ပဏီ ဝဘ်ဆိုက် သို့မဟုတ် သင့်ကုမ္ပဏီနှင့် ဒေသဆိုင်ရာ ရုံးချုပ်များက ပေးအပ်သော လေးစားလိုက်နာရေး ပိုစတာများကို ကိုးကားကြည့်ရှုပါ။